AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

# ဩစတြေးလျားလူမျိုး မိသားစုများ

ဩစတြေးလျား၌ မိသားစုဖွဲ့စည်းတည်ဆောက်ထားပုံ ခြောက်ခြားစွာ အမျိုးမျိုးအစားစားရှိပြီး သင်ယဉ်ပါးနေသည့် မိသားစုပုံစံနှင့် အလွန်ကွာခြားနိုင်ဖွယ်ရှိပါသည်။

**ဩစတြေးလျားနိုင်ငံ မိသားစုများတွင် ပေါင်းစပ်ဖွဲ့စည်းထားပုံ များစွာရှိပါသည်။** ၎င်းတွင် ဖခင်၊ မိခင်နှင့် ကလေးများပါရှိသော အစဉ်အလာပုံစံအရ မိသားစု ပါဝင်နိုင်သော်လည်း၊ မိသားစုများစွာတွင် ပထွေး၊ မိထွေး နှင့် လင်ပါ၊ မယားပါ သားသမီးပုံစံ၊ မိဘများအလား ကြည့်ရှုစောင့်ရှောက်ပေးသူ များနှင့် ကလေးများပုံစံ၊ မောင်နှမအချင်းချင်း ကြည့်ရှုစောင့်ရှောက်ပေးသည့်ပုံစံ၊ လိင်တူ မိဘများပုံစံ နှင့် အဖိုးအဖွားများက မြေးများအား ကြည့်ရှုစောင့်ရှောက်ပေးသည့်ပုံစံပင် ပါဝင်နိုင်ပါသည်။ မိဘတစ်ပါးတည်းသာရှိသော မိသားစုပုံစံများ တိုးသထက်တိုးပြီး သမားရိုးကျဖြစ်လာနေပါသည်။

**ဩစတြေးလျား လူမျိုး မိသားစုများသည် အရွယ်အစားမရွေး အမျိုးစုံရှိနိုင်ပါသည်။** မိသားစုများစွာ၌ ကလေးနှစ်ဦး သို့မဟုတ် ၎င်းအောက်ရှိပြီး၊ အခြားသူများ၌မူ သုံးယောက် သို့မဟုတ် လေးယောက်ရှိနိုင်ကြပါသည်။ အမျိုးသမီးများစွာသည် အသက် သုံးဆယ်ကျော်ပြီး နောက်ပိုင်းတွင် ပထမဆုံးစပြီး ကလေးယူကြကာ၊ အချို့မောင်နှံတို့ ကလေးလုံးဝ မယူကြရန် ရွေးချယ်ကြခြင်းလည်းရှိပါသည်။

**ဩစတြေးလျား လူမျိုးအားလုံး တို့ရဲ့မိသားစုကြီး ပုံစံနှင့် မနေထိုင်ကြပါ။** အိုမင်းလာသော မိဘများသည် အများအားဖြင့် တစ်ယောက်တည်း သို့မဟုတ် သက်ကြီးများအား ပြုစုစောင့်ရှောက်ပေးသည့် အထူးအိမ်ရာများ (အများအားဖြင့် "အငြိမ်းစားဂေဟာများ" ဟုခေါ်သည်) တွင် နေထိုင်ဖွယ်ရှိကြပါသည်။

**ယောကျ်ားများ နှင့် မိန်းမများ အိမ်ထောင်မပြုဘဲ အတူတူနေထိုင်ဖွယ်ရှိပါသည်။** ၎င်းကို ထုံးတမ်းအရ ဆက်ဆံမှုသို့မဟုတ် "လက်ရှိလက်တွေ့" ဆက်ဆံမှုဟု ခေါ်ပြီး၊ လူမှုရေးအရရော၊ ဥပဒေအရပါ လက်ခံအသိအမှတ်ပြုပါသည်။

**ဩစတြေးလျား လူမျိုးများ တိုင်းရင်းလူမျိုးချင်း၊ ဘာသာရေးချင်း သို့မဟုတ် လူမျိုးစုချင်း မတူ၊ ကွဲပြားကြသူများနှင့် အိမ်ထောင်ပြုရန် လွတ်လပ်မှု ရှိကြပါသည်။** သင် အိမ်ထောင်ပြုနိုင်ရန် အသက် 18 နှစ်အထက်ရှိရန်လိုအပ်သော်လည်း အကယ်၍ လက်ထပ်မည့်သူတစ်ဦးသည် 16 သို့မဟုတ် 17 နှစ်အောက်ဖြစ်နေပါက၊ အထူးအခြေအနေများတွင် တရားရုံးက ခွင့်ချက်ဖြင့် လက်ထပ်ခွင့်ပြုနိုင်ပါသည်။

**ဩစတြေးလျား၌ လူကြီးမိဘသဘောတူ ထိမ်းမြားမှုကို လက်ခံသော်လည်း အဓမ္မထိမ်းမြားပေးမှုများမှာ တရားဥပဒေမဲ့ပါသည်။** လူနှစ်ဦးလုံး တစ်ဦးနှင့်တစ်ဦး ထိမ်းမြားရန် သဘောတူကြပြီး၊ အသက် 18 နှစ်အထက် ရှိနေသမျှကာလပတ်လုံး ၎င်းတို့အနေနှင့် လက်ထပ်နိုင်ကြပါသည်။ မည်သူကိုမျှ အတင်းအဓမ္မ အိမ်ထောင်မပြုခိုင်းနိုင်ပါ။

**တစ်ချိန်တည်း၌ ခင်ပွန်း သို့မဟုတ် ဇနီး တစ်ဦးမက ထားရှိခြင်းမှာ တရားဥပဒေနှင့် ဆန့်ကျင်ပါသည်။**

**ကွာရှင်းပြတ်စဲခြင်းသည် လူမှုအသိုင်းအဝိုင်းအတွင်း သမားရိုးကျဖြစ်ပြီး ၎င်းကို လက်ခံပါသည်။** လူများ ကွာရှင်းပြတ်စဲကြပြီး ပြန်လည်လက်ထပ်ကြခြင်းမှာ သမားရိုးကျဖြစ်ပါသည်။

**ဩစတြေးလျား အမျိုးသမီးအများစု အိမ်ပြင်ပတွင် အလုပ်လုပ်ကြပါသည်။** ယောကျ်ားအမြောက်အမြားသည် ဥပမာ ဈေးဝယ်ခြင်း၊ ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း နှင့် ကလေးထိန်းခြင်းတို့ကဲ့သို့သော အိမ်မှုအလုပ် ကူညီပေးသည့်ကဏ္ဍမှ တက်တက်ကြွကြွပါဝင်ကြပါသည်။ အချို့သော ကိစ္စများတွင် မိန်းမက အလုပ်ထွက်လုပ်ပြီး ယောကျ်ားက ကလေးများ နှင့် အိမ်ထောင်ကို ထိန်းသိမ်းရန်အတွက် အိမ်၌နေဖွယ်ရှိပါသည်။

**ကြီးကောင်ဝင်စများသည် ဝင်ငွေရှာရန် နှင့် ကျွမ်းကျင်မှုအသစ်များကို သင်ယူရန် အများအားဖြင့် အချိန်ပိုင်းအလုပ် လုပ်ကိုင်ကြပါသည်။** ၎င်းသည် သူတို့အတွက် တန်ဖိုးရှိသော အတွေ့အကြုံများ နှင့် ဝင်ငွေရှာရန် အခွင့်အရေးများအား ရရှိစေပြီး၊ အကယ်၍လိုအပ်ပါက သူတို့မိသားစု၏ အိမ်ထောင်ကုန်ကျစရိတ်ကို ကူညီပံ့ပိုးပေးနိုင်စေသည်။



ဤစာမျက်နှာကို ရည်စူး၍ အလွတ်ထားခြင်းဖြစ်သည်

Australian Government
Department of Social Services

သြစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း
မှ ပို့ချပေးသည်။

IOM • OIM